# စစ်တပ်ကို မထိန်းချုပ်နိုင်ခြင်းသည် သမ္မတ ဦးသိန်းစိန်အတွက် ပထမဆုံး စိန်ခေါ်မှုဖြစ်

လင်းသန့်| December 20, 2012 | copy from The Irrawaddy by …….Thang Nang Lian Thang



ဒေါက်တာ မိုက်ကယ် ဂရင်း (ဓာတ်ပုံ – East-West Center)

ဒီမိုကရေစီစနစ် တည်ဆောက်နေဆဲ မြန်မာနိုင်ငံ၏ အနာဂတ်တွင် အဓိကစိန်ခေါ်မှုကြီး ၃ ခု ရှိပြီး၊ သမ္မတဦးသိန်းစိန် အနေဖြင့် မြန်မာ့တပ်မတော်ကို အပြည့်အ၀ ထိန်းချုပ်နိုင်မှု မရှိသေးခြင်းသည် ပထမဆုံးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုမှ ဂါရင့် နိုင်ငံရေးသိပ္ပံ ပညာ ရှင် ဒေါက်တာ မိုက်ကယ်ဂရင်းက ပြောဆို လိုက်သည်။

"ဦးသိန်းစိန်က စစ်တပ်ကို အပြည့်အ၀ မထိန်းချုပ်နိုင်သေးဘူး။ မာရှယ်လော (စစ်အုပ်ချုပ်ရေး) ကြေညာနိုင်တဲ့ မဲပေးခွင့်ရှိတဲ့အာဏာပိုင်တွေထဲမှာ သူက ဆန္ဒမဲ တ၀က်လောက်ပဲ ရနိုင်သေးတယ်။ အချိန်မရွေး လွှတ်တော်ကို ပိတ်ပစ်လို့ ရနေတယ်" ဟု ဒေါက်တာ မိုက်ကယ်ဂရင်းက Geogorgetown Journal နှင့် "မြန်မာနိုင်ငံရဲ့အနာဂတ်" အမည်ရှိ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားထားသည်။

ဒေါက်တာ မိုက်ကယ်ဂရင်းကို သမ္မတ ဂျော့ဂျ်ဘွတ်ရှ် အစိုးရလက်ထက်က မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ရာထားခဲ့ဖူးပြီး ဂါရင့်သံတမန်တဦးလည်းဖြစ်သလို နိုင်ငံတကာရေးရာတွင် နှံ့စပ်ကျွမ်းကျင်သူတစ်ဦးလည်း ဖြစ်သည်။ သူသည် မကြာသေးခင်က မြန်မာနိုင်ငံသို့ သွားရောက်လေ့လာခဲ့ပြီး နိုင်ငံတကာ မဟာဗျူဟာ လေ့လာရေး စင်တာ (Center for Strategic and International Studies – CSIS) ၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာကိုလည်း ပူးတွဲရေးသားခဲ့သူဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ဂျော့ချ်တောင်း တက္ကသိုလ် ပါမောက္ခဟောင်းလည်းဖြစ်၊ အမေရိကန် အမျိုးသားလုံခြုံရေး ကောင်စီ၏ ညွှန်ကြားရေးမှူး တဦးလည်းဖြစ်သူ ဒေါက်တာ မိုက်ကယ်ဂရင်းက ဒုတိယအနေဖြင့် ကချင်၊ ကရင်ပြည်နယ်နှင့် တချို့တိုင်းရင်းသားဒေသများတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုဖြစ်ပြီး ယခုအထိ ပီပြင်မှုအပြည့်အ၀ မရသေးသည့်အပြင် တချို့ဒေသများတွင် အချိန်မရွေး တိုက်ပွဲများ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း၊ ထို့အပြင် တပ်မတော်အကျိုးစီးပွားများဖြစ်သော တိုင်းရင်းသားဒေသများရှိ ရေနံ၊ သစ်၊ စသည့်

လုပ်ငန်းများနှင့် ပတ်သက်၍လည်း အတူမျှဝေရန် တပ်မတော်ဘက်က အဆင်သင့် မဖြစ်သေးခြင်းသည်လည်း စိန်ခေါ်မှုများ ဖြစ်ကြောင်း ပြောသည်။

မြန်မာနိုင်ငံတွင် တလျှောက်လုံး စီးပွားရေးစစ်စစ်ဆိုသည်မှာ မရှိခဲ့သေးကြောင်း၊ ကျွမ်းကျင်သူများမရှိသေးခြင်းသည် တတိယစိန်ခေါ်မှုကြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာနှင့် NGO များက အကူအညီပေးလိုပြီး အစိုးရဘက်ရော၊ ဒီမိုကရက်တစ် အတိုက်အခံဘက် တို့ကိုပါ ကဏ္ဍတိုင်းတွင် ကျွမ်းကျင်သူများ လေ့ကျင့်ပေးရန် ဆန္ဒရှိနေကြောင်း ဒေါက်တာ မိုက်ကယ်ဂရင်းက ဆိုသည်။

"သူတို့မှာ စီးပွားရေးဆိုင်ရာ စီမံကွပ်ကဲသူတွေလည်း မရှိဘူး။ စာရင်းဇယားတွေလည်း မရှိဘူး။ သူတို့မှာက နှစ်ပေါင်းများစွာ တလျှောက်လုံး တကယ့်စီးပွားရေး စစ်စစ်ဆိုတာ မရှိခဲ့ဘူး" ဟု ဒေါက်တာ မိုက်ကယ် ဂရင်းက မေးမြန်းခန်းတွင် ပြောထားသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ တရုတ်၊ အိန္ဒိယ၊ အာဆီယံတို့၏ လမ်းဆုံဖြစ်နေပြီး မဟာဗျူဟာမြောက် နိုင်ငံဖြစ်နေကြောင်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ မြောက်ကိုရီးယားနှင့် လက်နက်ကုန်သွယ်မှုရှိခြင်း အစရှိသော ကိစ္စများ ဆယ်စုနှစ်နှင့်ချီပြီးရှိခဲ့ကြောင်း ဒေါက်တာ မိုက်ကယ်ဂရင်းက ထောက်ပြသည်။

သို့သော် အပြုသဘောဆိုင်ရာ ခြေလှမ်းများအဖြစ် သမ္မတဦးသိန်းစိန်အစိုးရက မြောက်ကိုရီးယား နှင့် လက်နက်ဆိုင်ရာဆက်ဆံမှုများမလုပ်တော့ဟု ဆိုသည့် အမည်ခံလက်နက် မပြန့်ပွားရေးဆိုင်ရာ IAEA (နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ) ၏ စာချုပ်ကို လက်မှတ်ရေးထိုးခြင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လာခဲ့ပြီး နိုင်ငံရေး အကျဉ်းသားများလွှတ်ပေးခြင်း၊ စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာစုဝေးခြင်းဆိုင်ရာ တို့ကို အတိုင်းအတာတစ်ခုအထိခွင့်ပြုပေးခြင်း၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံရေးပါတီများ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရခြင်း၊ ပြန်လည်မှတ်ပုံတင်ခွင့်ပေးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်းလည်း သူက ပြောသည်။

ထို့အပြင် သူက သမ္မတဦးသိန်းစိန်ကို ရိုးသားသူ၊ ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်နေသူ အဖြစ် မှတ်ချက်ပေးပြောဆိုပြီး ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတဦးသိန်းစိန်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ အကြား အာဏာလွန်ဆွဲပွဲကြားတွင် ခက်ခက်ခဲခဲ ထိန်းညှိလုပ်ဆောင်နေရသည်ဟု ယူဆကြောင်းလည်း သုံးသပ်ပြောဆိုထားသည်။

"ဦးသိန်းစိန်က သဘာဝအရင်းအမြစ်လုပ်ငန်းတွေမှာ ပွင့်လင်းမြင်သာတဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီမှုတွေကိုလက်မှတ်ရေးထိုးခဲ့တယ်။ ပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိုဆောင်ကျဉ်းဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း ရိုးရိုးသားသားလက်တွဲလုပ်ဆောင်နေ တယ်" ဟု သူကပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးသည်လည်း ယခုအထိ ခက်ခဲနေသေးကြောင်း၊ လွှတ်တော်တွင်း ၇၅ ရခိုင်နှုန်းဖြင့် ပြင်ဆင်ခွင့်ရပါကလည်း အဆိုပါ ပြင်ဆင်ခွင့်ကို အတည် ပြုနိုင်ရေး လူထုဆန္ဒခံယူပွဲက နောက်ထပ် တစ်ဆင့် ၇၅ ရာခိုင်နှုန်းဖြင့် အနိုင်ရပါမှ ဥပဒေ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ဒီမိုကရက်တစ်များအာဏာမရနိုင်ကြောင်း၊ တစ်ဖက် တွင်လည်း စစ်ဘက်၊ အစိုးရဘက်နှင့် အတိုက်အခံဘက်တို့အားလုံးက နောက် ကြောင်းပြန် မလှည့်လိုကြသည်ကို သိရကြောင်း ဒေါက်တာ မိုက်ကယ်ဂရင်းက ဆိုသည်။

သမ္မတ ဦးသိန်းစိန်က ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေရာတွင် တရုတ်နိုင်ငံ၏သြဇာကို ထိန်းညှိရန် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ မြန်မာပြည်သူလူထု၏ပြဿနာကို ဖြေရှင်းပေးနိုင် ရေး ကြိုးစားနေပြီး မြန်မာပြည်ကိုကောင်းစေရန် လုပ်ဆောင်နေသည်ဟုလည်း မြင်ကြောင်း သူက မှတ်ချက်ပေးသည်။

မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ ထိတွေ့ဆက်ဆံရေး မူဝါဒရေးရာနှင့် ပတ်သက် ၍ ဒေါက်တာ မိုက်ကယ်ဂရင်းက တစ်ခုလုံးခြုံကြည့်က အောင်မြင်သည်ဟု မှတ်ချက်ပေး သော်လည်း မှားယွင်းမှု ၃ ခု ရှိသည်ဟု ယူဆကြောင်း ပြောသည်။

အမေရိကန်အစိုးရအဖွဲ့သည် အပြောကောင်းစွာဖြင့် မြန်မာအစိုးရကို တခါတရံ အလွန်အကျွံ ဖက်လဲတကင်းလုပ်ဆောင်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို အခိုင်အမာ အားပေးထောက်ခံ နေသည့် အမေရိကန်လွှတ်တော်ကိုလည်း လျှော့တွက်ခဲ့ခြင်းသည် ပထမမှားယွင်းမှု ဖြစ်ကြောင်း ဒေါက်တာ မိုက်ကယ်ဂရင်းက ဝေဖန်သည်။

ဒုတိယမှားယွင်းမှုမှာ တရုတ်နှင့် အင်အားချိန်ခွင်လျှာ ညှိလိုသည့်ဗျူဟာ တစ်ချိန်ကရှိခဲ့ပြီး တရုတ်၏ဖောက်သည် မြန်မာကို အမေရိကန်ကလုယူလိုခဲ့ခြင်းဖြစ်ကြောင်း၊ တတိယ မှားယွင်းချက်မှာ မြန်မာနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများထဲမှ တော်တော်များများ ကို ချွင်းချက်တစုံတရာ မထားဘဲ ဖြေလျှော့ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုကိစ္စတွင် အမေရိကန် လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုရရေးတစ်ခုတည်းကိုသာ ကြည့်ပြီး နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရေး အပါအဝင် မဖြေရှင်းရသေးသည့် ပြဿနာတို့တွင် အားနည်းခဲ့ကြောင်း ဝေဖန်ထောက်ပြသည်။

သို့သော် နိုဝင်ဘာလ ၁၉ ရက်နေ့က အမေရိကန်သမ္မတ အိုဘားမား၏ သမိုင်းဝင် မြန်မာခရီးစဉ်သည် အဆိုပါမှားယွင်းချက်များကို ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး နိုင်ငံရေးအကျဉ်းသား တချို့လွတ်လာခြင်း၊ တရုတ်ကိုလည်း သံသယကင်းရှင်းသွားစေခြင်း၊ မြန်မာအနေဖြင့် IAEA နှင့် နောက်ဆက်တွဲသဘောတူစာချုပ် ချုပ်ဆိုနိုင်စေခဲ့ခြင်း စသည်တို့ဖြင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ မူဝါဒကို ပြန်လည်ထိန်းညှိပေးနိုင်ခဲ့ကြောင်း သူက ပြောဆိုသွားသည်။

==================================================================

## *The Future of Burma: An Interview with Dr. Michael Green*

GJIA recently sat down with Georgetown Professor and former National Security Council Director, Dr. Michael Green, to discuss recent developments in Burma.

GJIA: Burma has recently undertaken a series of political and economic reforms.  You recently visited Burma and co-authored a report on the country for the Center

*Continue reading The Future of Burma: An Interview with Dr. Michael Green*

------------------------------------------------------------------------------------------

Note: copy from …http://journal.georgetown.edu/category/five-minutes-with-an-expert-2/ by Thang Nang Lian Thang

==================================================================

## Michael Green (political expert)

**Copy from: http://en.wikipedia.org Thang Nang Lian Thang**

**Michael Green** is the Japan Chair and a senior adviser at the Center for Strategic and International Studies (CSIS),[1] as well as an associate professor of international relations at Georgetown University. He served as special assistant to the president for national security affairs and senior director for Asian affairs at the National Security Council (NSC) from January 2004 to December 2005. He joined the NSC in April 2001 as director of Asian affairs with responsibility for Japan, Korea, and Australia/New Zealand. From 1997 to 2000, he was senior fellow for Asian security at the Council on Foreign Relations, where he directed the Independent Task Force on Korea and study groups on Japan and security policy in Asia. He served as senior adviser to the Office of Asia Pacific Affairs at the Department of Defense in 1997 and as consultant to the same office until 2000.

From 1995 to 1997, he was a research staff member at the Institute for Defense Analyses, and from 1994 to 1995, he was an assistant professor of Asian studies at the Johns Hopkins University School of Advanced International Studies (SAIS), where he

remained a professorial lecturer until 2001. At SAIS, he was also associate executive director of the Foreign Policy Institute (1992–1994) and acting director of the Reischauer Center for East Asian Studies (1999–2000).

Green speaks fluent Japanese and spent over five years in Japan working as a staff member of the Diet of Japan, as a journalist for Japanese and American newspapers, and as a consultant for U.S. business. His major publications include *Japan's Reluctant Realism* (Palgrave/St. Martin's, 2001), *The U.S.-Japan Alliance* (Council on Foreign Relations, 1999), and *Arming Japan* (Columbia University Press, 1995).

Green graduated from Kenyon College with highest honors in history in 1983 and received his M.A. from Johns Hopkins SAIS in 1987 and his Ph.D. in 1994. He also did graduate work at Tokyo University as a Fulbright fellow and with the Massachusetts Institute of Technology as a research associate of the MIT-Japan Program. He is a member of the Council on Foreign Relations and the Institute for International Security Studies.

Green is also an avid bagpipe player.